ဟု ပြောလေရာ မုန်းဒူဝါကြီးက မျက်မှောင်ကြုတ်၍

'အဲဒီ မုဆိုးက ကျုပ်သားထက် ပိုကျွမ်းကျင်လို့လား'

ဟု မကျေမနပ် မေးမြန်းလိုက်လေ၏။ ထိုအခါ ညော့သည်ဖြစ်သူက သက်ပြင်းချ၍

'အဲဒီ လူထူးလူဆန်းကြီးက ဒူဝါကြီးရဲ့သားထက် မြားပစ်အတတ်မှာ ပိုကျွမ်းကျင်တယ်လို့ ထင်ပါတယ်။ သူဟာ ကောင်းကင်ကို မြားတစ်စင်းပစ်လွှတ်ပြီး အဲဒီ မြားကိုမြေမှာ မကျခင် နောက်ထပ် မြားတစ်စင်းနဲ့ ထိမှန်အောင် ပစ်နိုင်ပါတယ်'

ဟု ပြောလေရာ ညော့သည်၏ စကားကြောင့် မုန်းဒူဝါကြီး သာမက မရန်နော်ပင်လျှင် အံ့ဩ သွားလေ၏။ မရန်နော်က ညော့သည်ကိုကြည့်၍

'ကောင်းကင်က မြားကို ထိမှန်အောင်ပစ်တယ် ဟုတ်ရဲ့လား'

ဟု မေးမြန်းလေ၏။ ညော့သည်က ခေါင်းတဆတ်ဆတ်ညိတ်၍

'ဟုတ်ပါတယ်။ သူဟာ မြားတစ်စင်းပစ်ပြီးနောက်တစ်ထပ်မြားတစ်စင်းကို လေထဲကိုလွှတ်ပြီး ထိမှန်အောင် ပစ်နိုင်ပါတယ်။ ပစ်တဲ့အခါမှာလဲ ဘယ်တော့မှ လွဲချော်လေ့မရှိဘူး။ အမြဲထိမှန်ပါတယ်'

ဟု ပြောလေရာ မရန်နော်က လူထူးလူဆန်းဆိုသူကို အလွန်စိတ်ဝင်စားသွားပြီး

'အဲဒီ လူ ဘယ်မှာလဲ၊ သူ့ကို ကျုပ်တွေ့ချင်တယ်'

ဟု မေးမြန်းလေရာ ညော့သည်ဖြစ်သူက ခေါင်းခါ၍

'သူဟာ ကျွန်တော်တို့ဒေသကို မကြာမဏရောက်လာတတ်ပါတယ်။ သူဟာ ကချင်ပြည်နယ် ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်နေသလဲဆိုတာ

ပိုမိုအံ့ဩသွားလေ၏။

ထို့ကြောင့် အထိတ်တလန့်ဖြင့်

'ဟင် ဘယ်လို သတ္တဝါကြီးလဲ တောင်ပံခတ်တာလဲ မတွေ့ဘူး၊ ပုံပြင်ထဲမှာ ကြားဖူးတဲ့ ဧရာမ ငှက်ကြီးလား'

ဟုရေရွတ်နေလေ၏။ ထိုအခိုက်မှာပင် သတ္တဝါကြီးသည် တောင်တန်းများပေါ်မှ ပျံဝဲ၍ မရန်နော်ရှိရာသို့ တဖြည်းဖြည်းနီးကပ်လာ၏။

မရန်နော်သည် သတ္တဝါကြီးကို နီးကပ်စွာတွေ့မြင်သောအခါ သက်ရှိသတ္တဝါမဟုတ်ဘဲ ဖျင်ကြမ်းပိတ်စများဖြင့် စွန်ကဲ့သို့ပြုလုပ်ထားပြီး စွန်၏ ဘေအောက်ခြေတွင် တွဲလွဲခို၍ စီးလာသော လူ တစ်ယောက်ကိုလည်း တွေ့ရလေ၏။

မရန်နော်သည် စွန်ကဲ့သို့ ပြုလုပ်ထားသောအရာတွင် ခိုဆွဲ၍ လိုက်ပါလာသော လူကိုမြင်သဖြင့် အံ့ဩလွန်းသောကြောင့်

'ဟေး'

'ဟုအော်ဟစ် နှုတ်ဆက်လိုက်လေ၏။

ထိုအခါ စွန်ကြီးတွင် လေဟုန်စီး၍ လိုက်ပါလာသော လူသည် မရန်နော်ကို မြင်တွေ့သွားဟန် ဖြင့် မရန်နော်ရှိရာတောင်ကြီးဆီသို့စွန်ကို ဦးတည်ဆင်းသက်လာ၏။

စွန်သည် တဖြည်းဖြည်း နိမ့်ဆင်းလာပြီး မရန်နော်ရှိရာမြက်ခင်းသို့ ဦးတည်နေကြောင်း တွေ့ရ လေ၏။ စွန်ပျံကြီးသည် မြက်ခင်းပြင်သို့ ဆင်းသက်လိုက်လေ၏။

စွန်ပျံကြီးပေါ်တွင် လိုက်ပါလာသောသူသည် မြေပြင်သို့ စွန်ပျံကျရောက်သောအရှိန်ကို ထိန်း၍ ရပ်တန့်လိုက်၏။ မရန်နော်သည် ထိုအခါမှပင် စွန်နှင့်အတူ လိုက်ပါလာသူကို ကြည့်လိုက်ရာ အသက် ၅၀ ဝန်းကျင်

ဟု ပြောလေရာ ဖော့နာလုသည် ဘောက်ရိမ်းအား ရှက်ကိုးရှက်ကန်းကြည့်ရှုလိုက်လေ၏။

အပျို လူပျိုများသည် ၎င်းတို့စုံတွဲကို သဘောပေါက်ဟန်ဖြင့် နောက်ပြောင်ကျီစယ်ကြလေ၏။

ထိုအခိုက်မှာပင် အနီးသို့ ဖော့နာလု၏ အစ်ကို ဖောနာဂမ် ဒေါသတကြီးရောက်လာပြီး

'တိတ်ကြစမ်း၊ ဘောက်ရိမ်းလိုကောင်နဲ့ ငါ့ညီမကို မစကြနဲ့၊ ငါ လုံးဝ သဘောမတူဘူး၊ ဟေ့ကောင် ဘောက်ရိမ်း မင်းက ဖဂါတွေ ဘယ်လောက်တင်နိုင်လို့ ငါ့ညီမကို မှန်းရတာ လဲ'

ဟု ကြိမ်းမောင်းလိုက်လေ၏။ ကချင်ရိုးရာယဉ်ကျေးမှုအရ သားရှင်က သမီးရှင်ဘက်ကို ဖဂါဟု ခေါ်သော လက်ဆောင်ပစ္စည်းများ ပေးအပ်ရလေ၏။ သမီးရှင်သည် ဖဂါလက်ဆောင်ပစ္စည်းများစွာ ပေးသောသူကို သမက်အဖြစ် လက်ခံလိုကြ၏။

ထိုဖဂါများတွင် ကျွဲများ၊ နွားများ၊ ပိုးပုဆိုး၊ မောင်း စသည့် အဖိုးတန်ပစ္စည်းများ ပါဝင်၏။

ဘောက်ရိမ်းသည် ယောက်ဖဖြစ်သူ၏ ရင့်သီးသော စကားကြောင့် သက်ပြင်းချ၍

'လောကမှာ ဖဂါတွေက ဒီလောက်တောင် အရေးကြီးနေပြီလား။ အချစ်ဆိုတာ မင်းတို့ ထည့်မစဉ်းစားတော့ဘူးလား'

ဟု မေးမြန်းလေ၏။ ဖော့နာဂမ်သည် ဘောက်ရိမ်း၏ စကားကို နားထောင်၍ လက်သီးဆုပ် လိုက်ပြီး

'ဟေ့ကောင် မင်း ပါးစပ်ပိတ်ထားစမ်း၊ ငါတို့က အချစ်ကို

